## မာတိကာ


- မင်္ဂလာသာစည်အရှင်ပညိန္ဒ (သက္ကလ)၏ ထေရုပ္ပတ္တိအကျဉ်း — က
- တောင်ကျများသို့ ဦးညွတ်ခြင်းအတွက် အမှာစာ — ဂ
- တောင်ကျများကို ခံစားခြင်း — ဆ
- ကျေးဇူးတင် စကားဦး — ဈ
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၁)
  မဟာပညာတောင်ကျ အရှင်သာရိပုတ္တရာ — ၁
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၂)
  ဣဒ္ဓိမန္တတောင်ကျ အရှင်မဟာမောဂ္ဂလ္လာန် — ၇
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၃)
  ဓုတင်ဆောင်တောင်ကျ အရှင်မဟာကဿပ — ၁၅
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၄)
  ရတ္တညူတောင်ကျ အရှင်အညာသိကောဏ္ဍည — ၂၃
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၅)
  တောင်ကျဝါးတန်ရှင်အာနန္ဒ — ၃၁
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၆)
  ဝိနယဓိုရ်တောင်ကျ အရှင်ဥပါလိ — ၃၉
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၇)
  သိက္ခာကာမတောင်ကျ အရှင်ရာဟုလာ — ၄၇
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၈)
  ဒိဗ္ဗစက္ခုအတိညာဉ်တောင်ကျ အရှင်အနုရုဒ္ဓါ — ၅၅
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၉)
  မနောမယအတိညာဉ်ဖန်ဆင်းခြင်းတောင်ကျ အရှင်စူဠပန္ထက — ၆၃
- တောင်ကျများသို့ ဦးညွှတ်ခြင်း (၁၀)
  ဒေသနာသနပညာပကတောင်ကျ အရှင်ဒဗ္ဗ — ၇၁


❀ ❀ ❀

## တောင်ကျများသို့ ဦးညွှတ်ခြင်းအတွက် အမှာစာ

(၁)

စာပေဖတ်ရှုလေ့လာခြင်းကို ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဤသို့ တွေ့ရမည်ဖြစ်၏။ အကြားအမြင် ဗဟုသုတကို တိုးပွားစေသည့် စာပေများလည်းရှိ၏။ ဆင်ခြင်တုံတရားကို တိုးပွားစေသည့် စာပေများလည်းရှိ၏။ ကြည်ညိုသဒ္ဓါစိတ်ကို ယိုဖိတ်စေသည့် စာပေများလည်းရှိ၏။ လက်တွေ့ကျင့်ကြံ အားထုတ်လိုစိတ်ကို ဖြစ်စေသည့် စာပေများလည်း ရှိ၏။ အဆိပ်အတောက်ဖြစ်စေသည့် စာပေများလည်းရှိ၏။

(၂)

တောင်ကျရပုဂ္ဂိုလ်များဆိုသည်မှာ ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် ရွေးချယ်ထားသည့်"တစ်မိုးအောက်တစ်ယောက် ပုဂ္ဂိုလ်ကျော်များ" ပင်ဖြစ်၏။

တောင်ကျရပုဂ္ဂိုလ်များအကြောင်းသည် အင်္ဂုတ္တရနိကာယ် ဧကကနိပါတ်ပါဠိတော်၌ လာရှိသည်။ တောင်ကျရပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အတိတ်ဆုတောင်း၊ သံသရာကျင်လည်ပုံနှင့် ပစ္စုပ္ပန်ဖြစ်ရပ်တို့ကို အဋ္ဌကထာဆရာက ဆက်စပ်ပေးသည်။



မင်းကွန်းဆရာတော်၏ မဟာဗုဒ္ဓဝင် ခြောက်တွဲရှစ်အုပ်၊ မြွေဒူတာဆရာတော် အရှင်ပညာဇောတဟောကြား၍ ဆရာကြီးဦးသော်ဇင် ပြုစုသည့် တောင်ကျဝတ္ထု၊ အရှင်နေမိန္ဒာဘိဝံသ၏ တစ်မိုးအောက်တစ် ယောက်ပုဂ္ဂိုလ်ကျော်များ စသည်ဖြင့် စာပေကျမ်းဂန်များတွင် ဖတ်ရှုနိုင် သည်။

မြွေကထိကဆရာတော်များကလည်း တောင်ကျရပုဂ္ဂိုလ်တို့၏ ထူးခြားချက်များကို တစ်ပါးချင်းစီ ထုတ်နုတ်ဟောပြောကြသည်ကိုလည်း နာကြားနိုင်သည်။ ပါမောက္ခချုပ်ဆရာတော်ကြီးက တစ်ပါးပြီးတစ် ပါး အစဉ်လိုက်ဟောပြောထားသည်ကိုလည်း နာကြားနိုင်သည်။

တောင်ကျရပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် ရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

(၃)

စာဖတ်သည့်အခါ အကြောင်းအရာသက်သက်ကို သိလို၍ ဖတ်ခြင်း၊ အရေးအသားကိုကြိုက်၍ဖတ်ခြင်း၊ အရေးအသားရော အကြောင်းအရာပါကြိုက်၍ဖတ်ခြင်းဟူ၍ သုံးမျိုးခွဲဖတ်လေ့ရှိပါသည်။

အရှင်ပညိန္ဒ၏ တောင်ကျများသို့ဦးညွှတ်ခြင်းကို facebook စာမျက်နှာတွင် စောင့်ဖတ်ခဲ့ရပါသည်။ တောင်ကျရပုဂ္ဂိုလ်များ၏ ဘဝ ကောက်ကြောင်းဖြစ်၍ အကြောင်းအရာအရ အထူးတလည် ပြောဖွယ် မရှိ။ အရှင်ပညိန္ဒ၏ အရေးအသားက ခေတ်ဟန်ဖြစ်၏။ သွက်၏။ သို့သော် ငြိမ်၏။

အချက်အလက်ခိုင်မာ၍ ဗဟုသုတကို တိုးပွားစေပါ၏။ ဆင်ခြင်သုံးသပ်ဖွယ်အချို့ကိုလည်း တို့ထိထား၍ ဆင်ခြင်တုံတရားကို လည်း များစေပါ၏။



တောင်ကျရပုဂ္ဂိုလ်တို့၏ ကြည်ညိုဖွယ်တို့ကို အရောင်တင်ပေး၍ သဒ္ဓါစိတ်ကို ယိုဖိတ်စေပါ၏။ လက်တွေ့ဘဝဖြစ်ရပ်တို့နှင့် ချိတ်ဆက် တင်ပြထား၍ ကျင့်ကြံအားထုတ်လိုစိတ်ကိုလည်း ဖြစ်စေပါ၏။

အစဉ်အလာအားဖြင့် တောင်ကျရပုဂ္ဂိုလ်များသည် သဒ္ဓါဖွယ်ဂုဏ် ဆောင်သည့် ပုဂ္ဂိုလ်ထူးများအဖြစ် အဝေးမှသာ ကြည်ညိုခဲ့ရပါသည်။ ယခုမူ တောင်ကျရပုဂ္ဂိုလ်များသည် လောကသားတို့အား စံနမူနာ ပြ၍ လမ်းညွှန်ပြခဲ့သည့် ပုဂ္ဂိုလ်များလည်း ဖြစ်၏။ ဗုဒ္ဓဘာသာဝင်တို့၏ ရှေ့ဆောင်လမ်းပြ ကြယ်ပွင့်ကြီးများလည်းဖြစ်၏။

အချုပ်အားဖြင့် အရှင်ပညိန္ဒ၏ တောင်ကျများသို့ ဦးညွှတ်ခြင်းသည် တောင်ကျရပုဂ္ဂိုလ်တို့၏ ဘဝဖြစ်စဉ်ကို အခြေခံ၍ ကြည်ညိုသဒ္ဓါစိတ်နှင့် လက်တွေ့အသုံးချလိုစိတ်တို့ကို ဖြစ်ပေါ်စေနိုင်သည့် အသုံးချ ဗုဒ္ဓ စာပေ အမျိုးအစားဖြစ်သည်ဟု ဆိုနိုင်ပါသည်။


မုဒိတာဖြင့်

သမ္မောဓိဆရာတော်

ဒေါက်တာအရှင်သုရိယ

ကထိက

သုတ္တန္တပိဋကမဟာဌာန

မြွေဒူတာဗုဒ္ဓတက္ကသိုလ် (ပဲခူး)